**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး**

**၁၇ ရက်မြောက်နေ့အစီအစဉ်**

**[ ၂၀-၂-၂၀၁၃ ] (ဗုဒ္ဓဟူးနေ့)**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးအောင်ထွန်းသာ၊ မြောက်ဦး မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ ပြည်ပနိုင်ငံသားများ လာရောက်လည်ပတ်မှုကို တားမြစ်ထားခြင်းမှ ပြန်လည်သွားလာခွင့်ပြုရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ခ ) ဦးဇော်ထွန်း၊ မိုးမောက် မဲဆန္ဒနယ်၏ **ဇီဝဗေဒဘာသာရပ်ကို အဓိက သင်ယူနေကြသော ကျောင်းသား/ကျောင်းသူများအား စာမေးပွဲ ဖြေဆိုချိန်တွင် ဘောဂဗေဒဘာသာရပ်နည်းတူ ဖြေဆိုချိန် သတ်မှတ်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ဂ ) ဦးမောင်ညို၊ စစ်တွေ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် သမိုင်းဝင်ကုလား သို့မဟုတ် ဘင်္ဂါလီရှိသည်ကို အသိအမှတ်ပြုပါသလားနှင့် တီထွင်ထားသောအမည်ကို တားမြစ်ပေးပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် ရိုဟင်ဂျာလူမျိုးရှိပါသလား** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးသိန်းဆွေ၊ အမ်း မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်ရှိ လယ်သမားရေငံတား တာတမံများအား ခိုင်မာတောင့်တင်းစိတ်ချရသည့် တာတမံများ ဖြစ်လာစေရေး ပြုပြင်တည်ဆောက်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးစောဘသိန်း၊ သထုံ မဲဆန္ဒနယ်၏ **သထုံမြို့နယ်၊ ပြည်တော်သာတူးမြောင်းအား ပြန်လည်တူးဖော်ပေးပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက တင်သွင်းသော **" မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ **" ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ "** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၈ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။